# ၁၉၆၅ ခုနှစ်၊ သီးစားချထားရေးဥပဒေကိုပြင်သည့်ဥပဒေ။

[၁၉၆၅ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီဥပဒေအမှတ် ၂။]

ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ ဥက္ကဋ္ဌသည်၊ အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ။(၁) ဤဥပဒေကို ၁၉၆၅ ခုနှစ်၊ သီးစားချထားရေး ဥပဒေကို ပြင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

(၂) ဤဥပဒေသည်၊ ပြည်ထောင်စု မြန်မာနိုင်ငံ တဝှမ်းလုံးတွင် ချက်ခြင်းအာဏာတည်ရမည်။

၂။ ။၁၉၆၃ ခုနှစ်၊ သီးစားချထားရေးဥပဒေ ပုဒ်မ ၄ အစား၊ အောက်ပါကို ပုဒ်မ ၄ အဖြစ်ထည့်သွင်းရမည်။

"၄။ ။လယ်ယာမြေများပေါ်တွင် အစိုးရက ချထားသော သီးစားများသည်၊ သို့မဟုတ် မြေရှင်များကချထားသော သီးစားများ ကျန်ရှိနေသေးလျှင်၊ ထိုသီးစားများသည် မြေရှင်အား သီးစားပေးရန်မလို။"

၃။ ။ ဤဥပဒေ၏ ဇယားတွင် ဖေါ်ပြထားသည့်ဥပဒေများကို၊ ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

<u>ဇယား။</u>

[ပုဒ်မ ၃ ကိုကြည့်ပါ။]

| အမည် | အမှတ် | နှစ် |
|---|---|---|
| (က) ၁၉၅၀ ပြည့်နှစ်၊ သီးစားခစံနှုန်းအက်ဥပဒေ | ၄၂ | ၁၉၅၀ |
| (ခ) ၁၉၅၁ ခုနှစ်၊သီးစားခစံနှုန်း(ပြင်ဆင်ချက်) အက်ဥပဒေ။ | ၃ | ၁၉၅၁ |
| (ဂ) ၁၉၅၄ ခုနှစ်၊ သီးစားခစံနှုန်း (ပြင်ဆင်ချက်) အက်ဥဒေ။ | ၆၀ | ၁၉၅၄ |
| (ဃ) ၁၉၆၃ ခုနှစ်၊ သီးစားခစံနှုန်းအက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေ။ | ၂၅ | ၁၃၆၃ |